# တတိယအကြိမ်တောင်အာရှကုန်စည်ပြပွဲအတွက် စည်ကားစွာ ခင်းကျင်း

## နီပေါကိုယ်စားလှယ် အချိန်မှန်မှန် ပါဝင်တက်ရောက်မည်

ယခုတိုင် တတိယအကြိမ် တောင်အာရှကုန်စည်ပြပွဲ၏ ရင်းနှီးမြှုပ်နှံမှုခေါ်ယူရေးလုပ်ငန်းသည် အောင်မြင်မှုများစွာရရှိသဖြင့် စံပြပြခန်း စုစုပေါင်း (၆၀၀၀)ခန့် ဖွင့်လှစ်ထားပြီး ပြည်ပမှ ပါဝင်ပြသမည့် စီးပွားရှင်များမှာ ၅၀ရာခိုင်နှုန်းပါဝင်နိုင်ကြောင်း၊ ပြခန်းပမာဏသည်လည်း ယခင်အကြိမ်ထက် တစ်ဆတိုးချဲ့လာနိုင်ကြောင်း သတင်းထောက်ရရှိထားသည့် သတင်းများအရ သိရပါသည်။





### တောင်အာရှပြတိုက်အတွက်ရင်းနှီးမြှုပ်နှံမှု အောင်မြင်စွာခေါ်ယူနိုင်

တောင်အာရှပြတိုက်တွင် စံပြပြခန်း(၅၃၈)ခန့်ဖွင့်လှစ်ပြီး ပြတိုက်အမှတ်(၇)အတွင်းမှ စတုရန်းမီတာ(၁၁၀၀)ကျယ်ဝန်းသည့် ပြခန်းများအတွက် ရင်းနှီးမြှုပ်နှံမှုခေါ်ယူရေးလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုထက်တိုင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ သီရိလင်္ကာ၊ မော်လဒိုက်၊ အာဖဂန်နစ္စတန်၊ ဘူတန်စသည့်နိုင်ငံ(၈)နိုင်ငံမှ ကုမ္ပဏီပေါင်း(၄၄၆)ခုတို့သည် ပြပွဲသို့ ပါဝင်ပြသမည်ဖြစ်ပါသည်။

ထို့ပြင် မကြာမီရက်ပိုင်းတွင် တောင်အာရှ ကုန်စည်ပြပွဲ ကျင်းပရေးအမှုဆောင်ကော်မတီသည် နီပေါနိုင်ငံမှ ပြပွဲ စည်းရုံးရေးအဖွဲ့အစည်း(၂)ခုတို့နှင့် ဆက်သွယ်ခဲ့ပြီး နီပေါဘက်မှ အချိန်မှန်မှန် လာရောက်ပြသမည်ဖြစ်ကြောင်း သိရပါသည်။

### “၁၆+၁”ပြသမှုပုံစံကို ပထမအကြိမ်ကျင့်သုံးပြသ

ပြခန်းနေရာ ဧရိယာတိုးချဲ့လာသည်နှင့်အမျှ ယခုနှစ်တွင် ယူနန်ပြတိုက်တွင် ပြခန်းနေရာ ဆောက်လုပ်ရေး၊ လုပ်ငန်း အဆင့်အတန်းမြှင့်တင်ရေးစသည်တို့တွင်လည်း တိုးတက်လာပြီး ပြတိုက်တွင် ယူနန်“ဒြပ်စင်”များကို ပိုမိုထည့်သွင်းပေးနိုင်မည်ဖြစ်ပါသည်။ ယခုအကြိမ် တောင်အာရှကုန်စည်ပြပွဲသည် ယူနန်ပြတိုက်တွင်“၁၆+၁”ပြသမှုပုံစံဖြင့် ပထမဦးဆုံးအကြိမ် ပြသသွားမည်ဖြစ်သည်။ “၁၆”ဆိုသည်မှာ ယူနန်ပြည်နယ်၏ မြို့/ပြည်နယ်ခွဲ(၁၆)ခုဖြစ်ပြီး “၁”ဆိုသည်မှာ ယူနန်ပြည်နယ်အလယ်ပိုင်းကုန်ထုတ်လုပ်ငန်းဇုန်သစ်ဖြစ်ပါသည်။

ယခုအကြိမ်ပြပွဲတွင် ယူနန်ပြည်နယ်၏ချစ်ကြည်ရေးမြို့များက ပထမဆုံးအကြိမ်ပါဝင်ပြသကြမည် ဖြစ်ပါသည်။ အမှတ်(၉)ပြတိုက်တွင် ကူမင်းမြို့အပါအဝင် ယူနန်ပြည်နယ်၏ မြို့/ပြည်နယ်ခွဲတို့မှ ချစ်ကြည်ရေးမြို့(၆၅)စုံတို့ကလည်း အသီးသီးပါဝင်ပြသကြမည်ဖြစ်ပါသည်။

### ဟောင်ကောင်၊ မကာအိုဂိုရှိပြခန်းများတွင် လှုပ်ရှားမှုများပြား

ဟောင်ကောင်ပြခန်းများတွင်“ဟောင်ကောင်ကိုမြင်ကြ၊ သိကြစို့”ခေါင်းစဉ်ဖြင့် ပြသသွားမည်ဖြစ်သည်။ 3Dမြေပေါ်အမှတ်သင်္ကေတပြုထုပ်ပုံပုံစံငယ်နှင့် ဗီဒီယိုများဖြင့် လှပသောဟောင်ကောင်မြို့၏ အသွင်အပြင်ကို မိတ်ဆက်သွားမည်ဖြစ်သည်။ အထူးတင်ပြလိုသည်မှာ ဇွန်၁၂ရက်မှ ၁၄ရက်အတွင်း ဟောင်ကောင်ရဲတပ်ဖွဲ့တီးဝိုင်းသည် နေ့စဉ်လေပုလွေ၊ ဗုံနှင့်ငွေတူရိယာများစုတီးပွဲတို့ကို သုံးကြိမ်တင်ဆက်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင်ဟောင်ကောင်မှနာမည်ကျော်ကုန်အမှတ်တံဆိပ်များသမဂ္ဂသည် ၎င်း၏လက်အောက်ခံအဖွဲ့ဝင် လုပ်ငန်းများက လုပ်ကိုင်ဆောင်ရွက်ကြသည့် အဝတ်အထည်၊ အလှပြင်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ စားသောက်ကုန်စသည့် နယ်ပယ်မှ ကုန်ပစ္စည်းများကို ဦးဆောင်၍ ပါဝင်ပြသသွားမည် ဖြစ်ပါသည်။ ထိုအခါကျလျှင် ကုန်အမှတ်တံဆိပ်လည်းပေါများ၊ အနုစ်သာရကျကုန်ပစ္စည်းတွေလည်း စုံစုံလင်လင် ရှိနိုင်မည်ဖြစ်ပါသည်။

### ဂျပန်၊ ကိုရီးယားပြခန်းများတွင် နည်းပညာပါဝင်မှုနှုန်း ပြည့်ဝစွာဖြင့် ပြသမည်

ကိုရီးယားပြခန်းတွင် ကမ္ဘာ့အင်အားအကြီးဆုံး ကုမ္ပဏီအခု(၅၀၀)ထဲ ပါဝင်လျက်ရှိသော ကိုရီးယားနိုင်ငံကီယာကုမ္ပဏီမှ ပါဝင်ပြသမည့်အပြင် “စက်ရုပ်မှတဆင့် လူသားများအတွက် ချမ်းသာမှုဖန်တီးပေးရန်”ဟူသော အတွေးအမြင်ဖြင့် သုတေသနပြုတီထွင် ထုတ်လုပ်ထားသောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးမျိုးများကိုလည်း ပြသသွားမည်ဖြစ်သည်။ ယင်းကုန်ပစ္စည်းများသည် ပဏာမ သင်ကြားသူများအတွက် သာမက စက်ရုပ်သုတေသီများ၊ တက္ကသိုလ်၊ သုတေသနဌာနများစသည့်သက်ဆိုင်ရာဌာနများတွင်လည်း အသုံးပြုနေဆဲဖြစ်ပါသည်။

### ကမ္ဘာ့အင်အားအကြီးဆုံးကုမ္ပဏီ (၅၀၀) အနက် (၂၄) ခုပါဝင်ပြသမည်

ယခုရက်ပိုင်းအထိ ကမ္ဘာ့အင်အားအကြီးဆုံး ကုမ္ပဏီ(၅၀၀)အနက်(၂၄)ခုက ပါဝင်ပြသရန် အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ၎င်းအနက် BMW မော်တော်ကား၊ ကျုံးဟွာအင်တာနေရှင်နယ်၊ ဖင်အမ်းဘဏ်ရ ရှယ်ယာကုမ္ပဏီလီမိတက်၊ ဟွာယွန်(အုပ်စု)ကုမ္ပဏီလီမိတက်၊ အင်္ဂလန်နိုင်ငံ Chartered ဘဏ်စသည်တို့ ပါဝင်ပါသည်။

ကမ္ဘာ့အင်အားအကြီးဆုံး ကုမ္ပဏီ(၅၀၀)မှလွဲ၍ ပြည်တွင်းမှ အင်အားအကြီးဆုံးကုမ္ပဏီ(၅၀၀)အနက် (၁၅)ခု၊ နာမည်ကျော် အပြည်ပြည်ဆိုင်ရာကုမ္ပဏီ(၂၂)ခု၊ နာမည်ကျော် ပြည်တွင်းကုမ္ပဏီ(၃၂)ခုတို့က လည်းပါဝင်ပြသရန် အသိအမှတ်ပြုပြီးဖြစ်ကြောင်း သိရပါသည်။

ယွဲ့စိန့်

# တက္ကသိုလ်ကျောင်းသူကျောင်းသားလုပ်အားပေး(၁၈၇၅)ဦးတို့သည် တောင်အာရှကုန်စည်ပြပွဲအတွက်ဝန်ဆောင်မှုပေးမည်

တောင်အာရှကုန်စည်ပြပွဲ လုပ်အားပေးရေးရာလုပ်ငန်းဌာနမှ ရရှိသော သတင်းအရ လက်ရှိတွင် တတိယအကြိမ်တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၃)ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲအတွက် လုပ်အားပေးများ ခေါ်ယူစုဆောင်းရေးလုပ်ငန်းသည် အခြေခံအားဖြင့် အပြီးသတ်သွားပြီးဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်အသီးသီးမှ ကျောင်းသူကျောင်းသားများသည် တက်ကြွစွာပါဝင်ကြပြီး စာရင်းသွင်းသူဦးရေမှာ (၁၅၀၀၀) ကျော်ရှိခဲ့သည်။ တင်းကျပ်စွာ ရွေးချယ်စိစစ်ခြင်းအားဖြင့် နောက်ဆုံးတွင် လုပ်အားပေး(၁၈၇၅)ဦးကို တရားဝင်ရွေးချယ် လိုက်ပါသည်။

၎င်းအနက် အမာခံလုပ်အားပေး (၈၃)ဦး၊ ဦးတည်ချက်သတ်မှတ်သော လုပ်အားပေး(၁၇၉၂)ဦး ပါဝင်ပါသည်။ ချိန်တည်းတွင် ယခုအကြိမ် တောင်အာရှကုန်စည်ပြပွဲအတွက် တစ်သောင်းနီးပါးရှိသော မြို့ပြလုပ်အားပေးများကိုလည်း ခေါ်ယူစုဆောင်းထားပါသည်။ သူတို့သည် လုပ်ငန်းခွင်ကိုယ်စီဖြင့် လမ်းညွှန်ပေးခြင်း၊ သတင်းအချက်အလက်မေးမြန်းခြင်း၊ တောင်အာရှကုန်စည်ပြပွဲဆိုင်ရာပြန်ကြားခြင်း၊ ယဉ်ကျေးမှုအသိပေးနှိုးဆော်ခြင်း၊ စည်းကမ်းလိုက်နာရန် ထိန်းသိမ်းခြင်း၊ အရေးပေါ်ကယ်ဆယ်ခြင်း၊ လုပ်အားပေးများ ခေါ်ယူစုဆောင်းခြင်းစသည့် ဝန်ဆောင်မှုများပေးမည်ဖြစ်သည်။

ယင်ရွှေဖုန်း

# မြန်မာဘက်မှအမြောက်ဆန်(၂)လုံး ယူနန်အတွင်းသို့ကျလာ၍ (၅)ဦးဒဏ်ရာရရှိ

သတင်းထောက်သည် ယူနန်ပြည်နယ်လင်ချန်းမြို့အစိုးရသတင်းရေးရာဌာနမှရရှိသော သတင်းအရ မတ်၁၄ရက် ၂၀း၃၀ နာရီခန့်တွင် မြန်မာဘက်မှ အမြောက်ဆန်(၂)လုံးသည် လင်ချန်းမြို့ ကျင့်ခန်းခရိုင်နန့်စမ်မြို့နယ် ဖုခန်းရပ်ကွက်ရှိ ဖုန်ချိန်ထမင်းဆိုင်၏ အနီးတွင် ပေါက်ကွဲပြီး တရုတ်နိုင်ငံသား(၁)ဦးနှင့် နယ်စပ်နေ မြန်မာနိုင်ငံသား(၄)ဦးတို့က ဒဏ်ရာရရှိစေခဲ့ကြောင်း၊ တချိန်တည်းတွင် မော်တော်ကား(၃)စီး၊ လူနေအိမ်(၄)အိမ်တို့ကိုလည်း အသင့်အတင့် ထိခိုက်ဆုံးရှုံးစေခဲ့ကြောင်း၊ လောလောဆယ် ဒဏ်ရာရသူများသည် ကျင့်ခန်းခရိုင်ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူနေပြီး အသက်အန္တရာယ်မရှိကြောင်း သိရသည်။ ၎င်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံဘက်သို့ အလေးအနက်ကမ်းလှမ်းခဲ့ပြီး ဖြစ်သည်။

လီချွင်းလင်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# တယ်ဟုန်၌မြန်မာနိုင်ငံသို့ယူရိုငွေတိုက်ရိုက်လွှဲပို့ရန်လုပ်ငန်းဖွင့်

သတင်းထောက်သည် မကြာမီရက်ပိုင်းတွင် သက်ဆိုင်ရာဌာနမှရရှိသောသတင်းအရ တယ်ဟုန်ပြည်နယ်ခွဲ၏ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လုပ်ငန်းအသစ် ဖွံ့ဖြိုးတိုးတက်မှုကို တက်ကြွစွာ ဆန်းသစ်တီထွင်ကြပြီး မြန်မာနိုင်ငံသို့ ယူရိုငွေတိုက်ရိုက်လွှဲပို့ရေးလုပ်ငန်းအစီအစဉ်ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ငွေပေးချေရေးကို ဆတက်ထမ်းပိုးတိုးမြှင့်သွားမှာ ဖြစ်ကြောင်း သိရပါသည်။

စုံစမ်းမေးမြန်းခြင်းအရ ယခုနှစ်မတ်လ(၉)ရက်တွင် CCB ဘဏ်ရွှေလီဘဏ်ခွဲသည် SWIFT ပေးချေရေးစနစ်ဖြင့်ဖောက်သည်အတွက်ပထမဆုံးသော ယူရိုငွေများကို မြန်မာနိုင်ငံသို့ အောင်မြင်စွာ တိုက်ရိုက်လွှဲပို့ပေးခဲ့ပြီး နောက်တစ်နေ့တွင်ပင် ငွေရောက်နိုင်ခဲ့ကြောင်း၊ ယခုတိုင် CCBဘဏ် ရွှေလီဘဏ်ခွဲသည် မြန်မာနိုင်ငံသို့ ယူရိုငွေတိုက်ရိုက်လွှဲပို့သည့် လုပ်ငန်း(၈)ရပ် လုပ်ဆောင်ခဲ့ပြီး လွှဲငွေပမာဏစုစုပေါင်းယူရို ၄. ၂၅၈၅သန်းအထိ ရောက်ရှိပြီးဖြစ်ကြောင်း သိရပါသည်။

လွန်ခဲ့သည့် နှစ်များအတွင်း ရွှေလီမြို့သည် တရုတ်-မြန်မာကုန်သွယ်ရေး၏ ရှေ့ဆောင်လမ်းပြလည်းဖြစ်၊ ယူနန်ပြည်နယ်မှ ငွေရေးကြေးရေးအရပြင်ပနှင့် ပူးပေါင်းဖလှယ်ရေး၊ ရှေ့တန်းကျငွေရေးကြေးရေးလမ်းမကြီး ဖောက်လုပ်ရန် ရှေ့ပြေးနယ်မြေလည်းဖြစ်ပါသည်။

နယ်စပ်ဒေသတံခါးဖွင့်ရေး၏ ရှေ့ဆောင်ရှေ့ပြေးအဖြစ် ရွှေလီမြို့သည် ပထဝီအားသာချက်ကို အစအဆုံး အားကိုးပြီး ကုန်ထုတ်လုပ်ငန်းကို ဦးတည်ချက်အဖြစ်၊ နယ်စပ်ဖြတ်ကျော် ငွေရေးကြေးရေး လုပ်ငန်းဆန်းသစ်တီထွင်မှုကို အဓိက လမ်းကြောင်းအဖြစ်ထားပြီး တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးအတွက် ဘဏ္ဍာခွန်နှင့် ငွေကြေးများ အထွေထွေဆန်းသစ်ပြုပြင်ရေးနယ်ပယ်တွင် အခက်အခဲများ ကျော်လွှားနိုင်ခဲ့ပြီး အောင်မြင်မှုများစွာ ရရှိခဲ့ပါသည်။

ရွှေလီနိုင်ငံတော် အလေးပေးတံခါး ဖွင့်ဖွံ့ဖြိုးတိုးတက်ရေး စမ်းသပ်ဇုန်တည်ဆောက်လာသည်နှင့်အမျှ နယ်စပ်ဒေသ ငွေရေးကြေးရေးအထွေထွေပြုပြင်ပြောင်းလဲမှုလုပ်ငန်း ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ အထူးသဖြင့် "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာနှင့် "ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ" ဖော်ဆောင်လာပြီးသည့်နောက် တရုတ်-မြန်မာကုန်သွယ်ရေး နယ်ပယ်နှင့် အတိုင်းအတာတို့သည် အဆက်မပြတ်တိုးချဲ့လာပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာပါသည်၊ ငွေကြေးအသွားအလာလည်း များပြားလှပါသည်။ ရွှေလီမြို့တွင်ငွေရေးကြေးရေး ဝန်ဆောင်မှုကုန်သွယ်ရေးသည် တရုတ်-မြန်မာဘဏ်များကြား ကုန်သွယ်မှုအောက်မှ ယွမ်ငွေစာရင်းရှင်းပေးချေမှု၊ ကိုယ်ပိုင်ယွမ်ငွေနှင့်နိုင်ငံခြားငွေ အထူးလဲလှယ်ရေးလုပ်ငန်းစမ်းသပ်ဖွင့်၊ တရုတ်ယွမ်ငွေ-မြန်မာကျပ်ငွေ အပြန်အလှန်လဲလှယ်မှု၊ တရုတ်-မြန်မာကုန်သွယ်ရေးအတွက် ယွမ်ငွေအထူးအကောင့်မှ ထုတ်ကုန်အရစာရင်းရှင်း အခွန်ပြန်ထုတ်မှုစသည့်ဘက်တွင် ဆန်းသစ်တီထွင်မှုများ အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ ယခင်တယ်ဟုန်ပြည်နယ်ခွဲတွင် မြန်မာနိုင်ငံသို့ ယူရိုငွေ တိုက်ရိုက်လွှဲပို့လိုပါက ဖောက်သည်များအနေနှင့် ဟောင်ကောင်၊ စင်ကာပူစသည့် တတိယဘက်ရှိ ငွေရေးကြေးရေးအဖွဲ့အစည်းမှ တစ်ဆင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဂျာမဏီနိုင်ငံ Frankfurt ငွေရေးကြေးရေးစင်တာမှ တဆင့်ခံလွှဲပို့ပေးပြီး ဒေသခံဘဏ်က မြန်မာနိုင်ငံဘဏ်တို့နှင့် တွက်ချက်စာရင်းရှင်းသော နည်းလမ်းဖြင့် လွှဲပို့သွားရမည်ဖြစ်ကြောင်း၊ ဤသို့လုပ်ရခြင်းသည် လုပ်ငန်းလုပ်ဆောင်ရန်အချိန်ရှည်ကြာလှကြောင်း၊ ယခု CCB ဘဏ် ရွှေလီဘဏ်ခွဲမှ မြန်မာနိုင်ငံသို့ ယူရိုငွေတိုက်ရိုက်လွှဲပို့ပေးသည့် လုပ်ငန်းသည် ဖောက်သည်များ၏ လိုအပ်ချက်ကို အဆင်ပြေစေပြီး တရုတ်-မြန်မာဘဏ်အကောင့်မှ တိုက်ရိုက်ငွေလွှဲသောလုပ်ငန်းကို သိသာထင်ရှားစွာတွင်ကျယ်ပေးနိုင်သည့်အပြင် ဖောက်သည်များအတွက်လည်းအချိန်ကုန်သက်သာစေနိုင်ကြောင်း သိရသည်။

ယန်ရွှေမေ

# ပထမဆုံးသော တရုတ်–မြန်မာနယ်စပ်စစ်ဆေးမှုလုပ်ငန်းလေ့ကျင့်ရေးစခန်း ရွှေလီတွင် ဖွင့်လှစ်

မေလ၁၃ရက်ညနေပိုင်းတွင် ယူနန်ပြည်သူ့လုံခြုံရေး နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့၏ တရုတ်-မြန်မာနယ်စပ်စစ်ဆေးမှုလုပ်ငန်း လေ့ကျင့်ရေးစခန်း ဖွင့်ပွဲအခမ်းအနားကို ရွှေလီနယ်စပ်စစ်ဆေးရေးစခန်းတွင် ကျင်းပခဲ့ပါသည်။

မိတ်ဆက်ခြင်းအရတရုတ်-မြန်မာနယ်စပ် စစ်ဆေးမှုလုပ်ငန်း လေ့ကျင့်ရေးစခန်းသည် တရုတ်အနောက်တောင်ပိုင်းတွင် ပထမဆုံးသော နယ်စပ်စစ်ဆေးမှုလုပ်ငန်း လေ့ကျင့်ရေးစခန်း တစ်ခုဖြစ်ကြောင်း၊ စခန်းအတွင်း၌ စာရွက်စာတမ်းသုတေသနပြုမှုအခန်း၊ အင်တာနက်သင်ကြားမှုအခန်း၊ Meisha စနစ်ဥပမာပြနေရာ၊ အနားယူအပန်းဖြေဇုန်စသည်တို့ပါဝင်ကြောင်း၊ ပညာသင်ကြားမှု၊ လေ့ကျင့်မှု၊ အပန်းဖြေမှုတို့ကို တစ်ပါတည်းစုစည်းထားပြီး အရာရှိနှင့်စစ်သည် (၁၀၀) ကျော်တို့ကို တပြိုင်တည်း ပညာသင်ကြားလေ့ကျင့်ပေးနိုင်ကြောင်း၊ စခန်း၏ တည်ဆောက်ခြင်းသည် ယခင်က လေ့ကျင့်ခံသူများစုစည်းရန်ခက်ခဲခြင်း၊ Hardware နှင့် software ခေတ်နောက်ကျခြင်း၊ အတန်းစီစဉ်ထားမှု မကျစ်လျစ်ခြင်းစသည့်ပြဿနာများမှ လွတ်မြောက်ပြီး ယူနန်ပြည်နယ်၏ နယ်စပ်စစ်ဆေးရေးလုပ်ငန်းအတွက် အင်အားတောင့်တင်းသော ထောက်ပံ့မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယန်ထိမ်ရုံ




# "ယူနန်သတင်းစာ" မိုဘိုင်းလိုင်းသတင်း တရားဝင်အွန်လိုင်းတက်



မကြာမီရက်ပိုင်းတွင် ယူနန်နေ့စဉ်သတင်းစာ လုပ်ငန်းများအုပ်စုမှ အားထုတ်လုပ်ဆောင်သော ယူနန်ပါတီနှင့်စီမံအုပ်ချုပ်ရေးဆိုင်ရာ သတင်းများ "ပထမအစွန်ပေါက်"ဖြစ်သည့် ယူနန်သတင်းစာ မိုဘိုင်းသတင်းလိုင်းသည် တရားဝင် အွန်လိုင်းတက်ပြီးဖြစ်ကြောင်း သိရသည်။ မိတ်ဆက်ခြင်းအရ ယူနန်သတင်းစာ မိုဘိုင်းအွန်လိုင်းတက်ပြီးသည့်နောက် ယူနန်သတင်းစာလုပ်ငန်းများအုပ်စုသည် "သတင်းစာတစ်စောင်၊ အင်တာနက်ကွန်ရက်တစ်ခု၊ မိုဘိုင်းလိုင်းတစ်လိုင်း"ဟူသော အနေအထားသို့ဖြစ်တည်လာမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ယူနန်နေ့စဉ်သတင်းစာ၊ ယူနန်အင်တာနက်ကွန်ရက်နှင့် ယူနန်သတင်းမိုဘိုင်းလိုင်းတို့မှ ဖွဲ့စည်းထားသော ပင်မလူထုအာဘော် အနေအထားသစ်ဖြစ်ကြောင်း၊ ယင်းမှာ ယူနန်နေ့စဉ်သတင်းစာ လုပ်ငန်းများအုပ်စုအနေနှင့် မူလတစ်ခုတည်းသော သမားရိုးကျစက္ကူချပ်မီဒီယာပုံစံမျိုးမှ သတင်းစာ၊ မဂ္ဂဇင်း၊ အင်တာနက်ကွန်ရက်၊ တီွတာ၊ ဝီချပ်၊ မိုဘိုင်းလိုင်း၊ e-သတင်း၊ မိုဘိုင်းသတင်းစာစသည့်ပုံစံများဖြင့် ဖြန့်ဖြူးနိုင်သည့် ခေတ်မီအထွေထွေ မီဒီယာပုံစံသို့ပြောင်းလဲသွားမည်ဟု သက်သေပြနိုင်ကြောင်း သိရပါသည်။

မိတ်ဆက်ခြင်းအရ ယူနန်ပါတီနှင့်စီမံအုပ်ချုပ်ရေး မိုဘိုင်းသတင်းလိုင်းသည် သြဇာခိုက်မှု၊ ထူးခြားမှု၊ စွမ်းဆောင်မှုနှင့် ဒေသဆန်မှုများကို အထူးသတိပြုပြီး တစ်နိုင်ငံလုံးရှိ ထူးချွန်ကောင်းမွန်သော မိုဘိုင်းအစွန်ပေါက်များ၏ အောင်မြင်မှုအတွေ့အကြုံများကို အတုယူ၍ မိမိ၏ဝိသေသထူးခြားချက်လည်းပါရှိအောင် ဆောင်ရွက်ပေးပါကြောင်း၊ ယင်းဝိသေသထူးခြားချက်များမှာ "သတင်း+ဝန်ဆောင်မှု"ပေါ်တွင် ပိုမိုနက်ရှိုင်းစွာတူးဖော်ပြီး သတင်းများကော်လန်နှင့် ဝန်ဆောင်မှုလိုင်းတို့အား တပြိုင်တည်း ဖွံ့ဖြိုးတိုးတက်သောမူဘောင်ကို အသုံးပြုခြင်းဖြစ်ကြောင်း၊ အရင်းအမြစ်စွမ်းအားနှင့် လူရည်ချွန်အားသာချက်ကို ပြည့်ဝစွာဖော်ထုတ်၍ တစ်ဖက်တွင် သတင်းများကို ကောင်းအောင်လုပ်ပြီး နောက်တစ်ဖက်တွင် ဝန်ဆောင်မှုစွမ်းအားများကို ပိုမိုတောင့်တင်းအောင် လုပ်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများက လက်တွေ့ခံစားစေခြင်းကို အမြဲတေအဖြစ်ထားပြီး သုံးစွဲသူများ၏ အမျိုးစုံသောလိုအပ်ချက်များကို ရောင့်ရဲပေးနိုင်ရန် မိုဘိုင်းလိုင်းသတင်းကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကုန်ပစ္စည်းအမျိုးမျိုးကို အဆက်မပြတ်တင်ပြပေးမည်ဖြစ်ကြောင်း သိရပါသည်။

လောလောဆယ် ယူနန်နေ့စဉ်သတင်းစာ၏ ပါတီနှင့်စီမံအုပ်ချုပ်ရေးဆိုင်ရာမိုဘိုင်းလိုင်း အစွန်ပေါက်တွင် ယူနန်ခေါင်းစဉ်၊ ယူနန်အရေးကြီးသတင်း၊ ယူနန်သတင်းအစုံအလင်၊ ယူနန်အပြောသစ်၊ ယူနန်ပတ်ဝန်းကျင်၊ ယူနန်တိုင်းရင်းသား၊ ယူနန်အိမ်ယာ၊ ယူနန်ခရီးသွား၊ ယူနန်မြင်ကွင်း၊ ယူနန်ပန်းမန်စသည့် ကဏ္ဍ(၁၀)ရပ် ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

ဟွမ်ကျားလွင်

**အချိတ်အဆက် —**


"ယူနန်သတင်းစာ" မိုဘိုင်းအစွန်ပေါက်ကို မည်သို့ဒေါင်းလော့ရမှာလဲ။ အောက်ပါကုတ်ကို ဖုန်းဖြင့်ဖတ်လိုက်ပါက တစ်မိနစ်အတွင်း ဒေါင်းလော့နိုင်ပါသည်။

扫描二维码
下载客户端
云集一端 报览天下

# ယူနန်ပြည်နယ်ပြတိုက်အသစ်ဖွင့်လှစ် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

"၅-၁၈"အပြည်ပြည်ဆိုင်ရာပြတိုက်နေ့ ကျရောက်လာသည့်အခါသမယတွင် ကူမင်းမြို့၏ပထဝီအမှတ်သင်္ကေတအဆောက်အဦးအသစ်တစ်ခုအဖြစ် ယူနန်ပြည်နယ်ပြတိုက်အသစ်ကို မေလ(၁၈)ရက်တွင် တရားဝင်ဖွင့်လှစ်ပြီဖြစ်ပါသည်။ ပရိသတ်များအနေနှင့် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ယင်းပြတိုက်အသစ်သည် ကူမင်းမြို့ ကွမ်ဖူလမ်းနှင့်ကွမ်းပေါင်လမ်းဆုံ တောင်ဘက်ခြမ်းတွင် တည်ရှိပါသည်။ မြေဧရိယာ တရုတ်မို(၁၅၀)၊ အဆောက်အဦးဧရိယာစတုရန်းမီတာ(၆)သောင်း၊ ပြခန်းဧရိယာ စတုရန်းမီတာ(၁. ၆၅)သောင်းစီကျယ်ဝန်းပါသည်။ အဆောက်အဦး၏ အသွင်သဏ္ဌာန်မှာ ကြေးနီရောင်အဖြစ် ဒီဇိုင်းရေးဆွဲပြီး ယူနန်ပြည်နယ်၏ရိုးရာလူနေအိမ်"တံဆိပ်တုံး"လေးထောင့်ပုံစံအဆောက်အဦးနှင့် ယူနန်ပြည်နယ် စီလင် (STONE FOREST) ကျောက်တော တိုက်စားခံပြီးဖြစ်သည့်ပုံသဏ္ဌာန်အရ မြစ်ဖျားခံရခြင်းဖြစ်ပါသည်။ ပြတိုက်တွင် ပြခန်းဇုန်၊ ဘုံဝန်ဆောင်မှုဇုန်၊ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများသိုလှောင်မှုဇုန်၊ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများထိန်းသိမ်းမှုဇုန်၊ ကားရပ်နားဇုန်၊ စက်ကိရိယာဇုန်၊ ရုံးခန်းဇုန်၊ ခန်းပြင်ရှုခင်းဇုန်စသည့်ပြီးပြည့်စုံသောပြတိုက်စွမ်းဆောင်မှုဇုန်များပါဝင်လျက်ရှိပါသည်။ ၎င်းအပြင် ဘုံအလယ်ခန်းမဆောင်၊ ဟောပြောပွဲခန်းမဆောင်၊ ကလေးသူငယ်ပညာသင်ကြားရေးစင်တာ၊ ယဉ်ကျေးမှုလက်တွေ့ခံစားရေးစင်တာ၊ ရုပ်ရှင်ရုံစသည့်ဝန်ဆောင်မှုဆိုင်ရာအဆောက်အအုံများကို ဖွင့်လှစ်ထားပါသည်။ စွမ်းအင်ချွေတာခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ စမတ်နည်းကျခြင်းနှင့် ရိုးရာဓလေ့နှင့် ခေတ်မီနည်းပညာတို့ကို တစ်ပါတည်း စုစည်းသဖြင့် ယူနန်ပြည်နယ်၏သဘာဝအလှနှင့်သမိုင်းပုံရိပ်များကို ဖြိုးဝေပြီး လေးနက်တည်ကြည်မှုနှင့်ယဉ်ကျေးသိမ်မွေ့မှုတို့ဖြင့် ပေါ်ပေါက်လာပါသည်။ ပြတိုက်သစ်အတွက် ဒီဇိုင်းရေးဆွဲတည်ဆောက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းအသစ်များ၊ နည်းပညာအသစ်များကို အသုံးပြုခဲ့သဖြင့် ၉ ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင်ဒဏ်ကို ခုခံနိုင်ပါသည်။ ယခုခေတ် ကမ္ဘာ့ထိပ်တန်းကျပြတိုက်အဆင့်အတန်းသို့ ရောက်ရှိပြီးဖြစ်သည်။လောလောဆယ်တွင် ပြတိုက်သစ်တွင် ခေါင်းစဉ်ပြပွဲ(၆)ပွဲနှင့်ပရောဖက်ရှင်နယ်ပြပွဲ(၄)ပွဲစီကျင်းပနေဆဲဖြစ်ပါသည်။







《ရှေးခေတ်ယူနန်---ခရစ်မပေါ်မီတုန်းကယူနန်》၊《ယဉ်ကျေးမှုအလင်း---ကြေးခေတ်တုန်းကယူနန်》စသည့် ခေါင်းစဉ်များဖြင့် ရှေးခေတ်ယဉ်ကျေးမှုမှစ၍ ၁၉၄၉ခုနှစ်တွင် ယူနန်ပြည်နယ်ကို ငြိမ်းချမ်းစွာ လွတ်မြောက်ရေးရရှိပြီးဖြစ်သည့်သမိုင်းစဉ်များကို ခင်းကျင်းပြသထားပါသည်။ 《ဖိုမီးရောင်စုံ--ယူနန်ပြည်နယ်ပြတိုက် ကြွေထည်အနုပညာလက်ရာပစ္စည်းများပြပွဲ》၊《ရွှေရောင်တရုတ်နိုင်ငံ---ရှေးခေတ်တရုတ်နိုင်ငံ ရွှေထည်ပစ္စည်းများပြပွဲ》စသည့်ခေါင်းစဉ်များဖြင့် ပြသထားသောပြပွဲများတွင် ပြည်နယ်ထွက်၊ ပြည်နယ်ခြားထွက် အဖိုးတန် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို ခင်းကျင်းပြသထားပါသည်။ ခင်းကျင်းပြသထားသောရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများမှာ စုစုပေါင်း တစ်သောင်းကျော်ရှိပါသည်။ အတိုင်းအတာလည်းကြီးမား၊ အရည်အသွေးလည်းမြင့်မားလှသောကြောင့် ယူနန်ပြည်နယ်ပြတိုက်၏ပြပွဲသမိုင်းစဉ်၊ယူနန်ပြည်နယ်၏ ပြပွဲများသမိုင်းစဉ်တို့တွင် ပထမဆုံးအကြိမ်ပြသခြင်းဖြစ်သည်ဟု ဆိုရပါမည်။

လီခိုင်ရီ

# ရုပ်ရှင်လည်းကြည့်၊ အဆိုအကလည်းရှု အစစ်မှန်ဆုံးသောဘောလိဝုဒ်ကိုခံစား

အိန္ဒိယနိုင်ငံကို စကားစပ်မိပါက လူအများ၏ပထမဆုံးသောတုံ့ပြန်ချက်မှာ အချိန်မရွေး နေရာမရွေး သီချင်းဆို၊ အကကနေသည့်ဘောလိဝုဒ်ရုပ်ရှင်များကို သတိရကြစမြဲဖြစ်သည်။ လောလောဆယ်တွင် "ပထမအကြိမ်တရုတ်(ယူနန်)-အိန္ဒိယရုပ်ရှင်ယဉ်ကျေးမှု ဖလှယ်ရေးသီတင်းပတ်(၂၀၁၅)"သည် ယူနန်ပြည်နယ်ရှိ တက္ကသိုလ်များသို့ ဝင်ရောက်ပြီး ပြည်တွင်းပြည်ပမှကျောင်းသား၊ ကျောင်းသူများအတွက် ယဉ်ကျေးမှုဖလှယ်ရန် ပြင်ညီစင်တစ်ခုကို ထောက်ပံ့ပေးပြီး အချင်းချင်း ပိုမိုနားလည်လာအောင်ဆောင်ရွက်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံသည် တတိယအကြိမ်မြောက်တရုတ်-တောင်အာရှကုန်စည်ပြပွဲ၏ခေါင်းစဉ်နိုင်ငံအဖြစ် ၎င်း၏ရုပ်ရှင်ယဉ်ကျေးမှုသည် တောင်အာရှတွင်သာမက တစ်ကမ္ဘာလုံးတွင်ပင်ကျယ်ပြန့်စွာ ဩဇာထက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံရှိ ဘောလိဝုဒ်ခေါ် ဒေသတစ်ခုသည် ကမ္ဘာတွင် အကြီးဆုံးသောရုပ်ရှင်ကားထုတ်လုပ်ရေးစခန်းတစ်ခုဖြစ်သဖြင့် ၎င်း၏ပရိသတ်ဦးရေမှာ သန်းပေါင်း လေးငါးရာရှိနေပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ရုံတင်ခဲ့သော《ဆင်းရဲသားရပ်ကွက်ထဲမှ သူဌေးကြီး》၊《လူသုံးဖော်》စသည့်အိန္ဒိယရုပ်ရှင်ကားများသည် တရုတ်နိုင်ငံ၏ရုပ်ရှင်ရုံများတွင် များစွာ ရုံတင်ခဲ့ပြီး တရုတ်လူငယ်ပရိသတ်များက ကြိုက်နှစ်သက်ကြပြီး အချီးကျူးခံခဲ့ရပါသည်။

ယူနန်ပြည်နယ်ရှိ တက္ကသိုလ်များတွင် တောင်အာရှ၊ အရှေ့တောင်အာရှနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရောက်ရှိလာကြသောပညာတော်သင်ကျောင်းသားကျောင်းသူများစွာရှိပါသည်။ ယခုအကြိမ် ရုပ်ရှင်ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်သည် တက္ကသိုလ်ကျောင်းသားကျောင်းသူများကို အဓိကထားပြီး နိုင်ငံနှင့် ဒေသ(၃၆)ခုမှ ပြည်တွင်းပြည်ပပုဂ္ဂိုလ်(၁၂၀၀)ကျော်တို့ကတက်ရောက်ခဲ့ပါသည်။ ယခုအကြိမ်အစီအစဉ်သည် ရုပ်ရှင်ကား၊ ယဉ်ကျေးမှုပျော်ပွဲရွှင်ပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲစသည့်နည်းလမ်းများမှတဆင့် ကျောင်းနေကြသည့်ပြည်တွင်းပြည်ပမှ ကျောင်းသားကျောင်းသူများကို စုစည်းထား၍ ၎င်းတို့အား အချင်းချင်း ဖလှယ်စေရန်၊ အချင်းချင်း ဆက်ဆံစေရန်နှင့်အပြန်အလှန် ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်စေရန်အတွက်ဖြစ်သည်။ ပြည်တွင်းပြည်ပမှ ကျောင်းသားကျောင်းသူများ အထူးသဖြင့် တရုတ်နိုင်ငံတွင် ပညာသင်ကြားနေသော တောင်အာရှနိုင်ငံများမှ ပညာတော်သင်များအား နိုင်ငံအသီးသီးတို့၏ချစ်ကြည်ရေးသံတမန်အဖြစ် မွေးထုတ်ပေးရန်အတွက်ဖြစ်သည်။

လီချွေဖန်း

# တရုတ် – အိန္ဒိယနှစ်နိုင်ငံတို့သည် ယူနန်ပြည်နယ်၌ ပထမဆုံးသောယောဂီကောလိပ်ကိုပူးပေါင်းတည်ထောင်

မကြာမီ ယူနန်တိုင်းရင်းသားတက္ကသိုလ်သည် အိန္ဒိယယဉ်ကျေးမှုဆက်ဆံရေးကော်မတီနှင့် ပေကျင်းမြို့ပြည်သူ့လွှတ်တော်ခန်းမဆောင်တွင် ယူနန်တိုင်းရင်းသားတက္ကသိုလ် ယောဂီကောလိပ်ပူးပေါင်းတည်ထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို ချုပ်ဆိုခဲ့ကြသည်။ ယင်းပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ပူးတွဲကြေညာချက်ပုဒ်မ(၂၁)တွင် ထည့်သွင်းရေးသားထားပြီးဖြစ်သည်။ ယူနန်တိုင်းရင်းသားတက္ကသိုလ်ယောဂီကောလိပ်သည် အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံတွင် တည်ထောင်မည့်ပထမဆုံးသော ယောဂီကောလိပ်ဖြစ်သည်။


မိတ်ဆက်ခြင်းအရ အဆိုပါယောဂီကောလိပ်ကိုယူနန်တိုင်းရင်းသားတက္ကသိုလ်၏ ချိန်ကုန်ကျောင်းခွဲတွင် တည်ထောင်သွားမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ အရည်အချင်း အဆင့်ဆင့်ပြည့်ဝသောယောဂီကျွမ်းကျင်သူများကို မွေးထုတ်ပေးခြင်းဖြင့် အိန္ဒိယဒဿနိကဗေဒကို ပိုမို နားလည်စေရန်၊ အိန္ဒိယယောဂီယဉ်ကျေးမှုကို ပိုမို ပြန့်ပွားစေရန်ဖြစ်ကြောင်း၊အိန္ဒိယနိုင်ငံယဉ်ကျေးမှုဆက်ဆံရေးကော်မတီသည် နှစ်စဉ် အနည်းဆုံး ယောဂီဆရာနှစ်ဦးကို တရုတ်နိုင်ငံသို့ စေလွှတ်ပြီး ယောဂီကျင့်စဉ်ပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများရွေးချယ်ပြီး အိန္ဒိယနိုင်ငံသို့သွားရောက်ပညာသင်ကြားနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံယောဂီဌာနမှ ကောလိပ်ရှိသင်တန်းသားများအပေါ် အရည်အချင်းစစ်ဆေးပြီး နိုင်ငံတကာမှ အသိအမှတ်ပြုသော ယောဂီသင်တန်းဆင်းလက်မှတ်ကို ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။


အိန္ဒိယနိုင်ငံယဉ်ကျေးမှုဆက်ဆံရေးကော်မတီသည် အိန္ဒိယသမ္မတနိုင်ငံအစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရင်းအနှီးအပြည့်ဖြင့် တည်ထောင်ထားသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ မိုလာဂျီ • တယ်ဆိုက်အစိုးရပိုင်ယောဂီကောလိပ်သည်အိန္ဒိယနိုင်ငံ၏တစ်ခုတည်းသောအစိုးရမှ တည်ထောင်ထားသည့်ယောဂီတက္ကသိုလ်ဖြစ်သည်။ အိန္ဒိယနိုင်ငံအစိုးရယောဂီဝန်ကြီးဌာနဝန်ကြီးမှ ကောလိပ်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်လိုက်သည်။ အိန္ဒိယနိုင်ငံအစိုးရ၏ ယောဂီသိပ္ပံပညာ၊ ယောဂီယဉ်ကျေးမှု၊ ယောဂီဆေးပညာစသည်များအတွက် စနစ်တကျ သင်ကြားပေးမှု၊ သိပ္ပံပညာဆိုင်ရာသုတေသနပြုမှု၊ နိုင်ငံတကာဆက်ဆံမှုစသည့်တာဝန်များကို ယင်းကောလိပ်မှ ထမ်းဆောင်ရမည်ဖြစ်သည်။

လီဆာချင်း

# ကူမင်း၌ "ဝေဟင်မြင့်တွင် မျက်စိပုံး၍ သံမဏိကြိုးပေါ် နောက်ပြန်လျှောက်ခြင်း"ကို တင်ဆက်







မေလ၁၆ရက်တွင် "ဝေဟင်လူပျံ"ဟုခေါ်တွင်ခံရသော အိုက်စ်ခိုင်လ်သည် ဝမ်တာ - ကူမင်းညီအစ်ကို တိုက်နှစ်လုံး အကြားရှိဝေဟင်မြင့်တွင် မျက်စိပုံး၍ သံမဏိကြိုးပေါ် နောက်ပြန်လျှောက်ရန် စိန်ခေါ်မှုကို ပြီးမြောက်ခဲ့သဖြင့် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

ထိုနေ့ ညနေ(၅)နာရီခန့်တွင် ရာသီဥတု တစတစ အေးမြလာသည်။ အိုက်စ်ခိုင်လ်သည် စီဆန်းမြို့နယ် ဝမ်တာရင်ပြင်သို့ စောစောစီးစီး ရောက်ရှိလာတော့သည်။ ဝမ်တာရင်ပြင်ရှိ ကူမင်းညီအစ်ကို တိုက်နှစ်လုံး၏ တောင်ဘက် တိုက်(၃၂)ထပ်ဖြစ်သော အစနေရာတွင် ကြိုတင်ပြင်ဆင်တော့သည်။ တချိန်တည်းတွင် ဝမ်တာရင်ပြင် ပတ်ဝန်းကျင်တွင် သံမဏိကြိုးလျှောက်ခြင်းကို လာရောက် ကြည့်ရှုကြသော မြို့သူမြို့သား အများအပြား စုဝေးလာတော့သည်။

ညနေ(၆)နာရီခန့်တွင် အိုက်စ်ခိုင်လ်သည် အများ၏မြင်ကွင်းသို့ ပေါ်ထွက်လာတော့သည်။ သူက မျက်စိပုံး၍ တောင်ဘက်တိုက်မှ မြောက်ဘက်တိုက်သို့ နောက်ပြန်လျှောက်သွားသည်။ ယခုအကြိမ် နောက်ပြန်လျှောက်ခြင်းသည် အစမ်းပြုလုပ်ခြင်းသာဖြစ်သည်။ ထိုသို့လျှောက်သွားစေကာမူ ဝေးလံသော မြေပြင်တွင် ကြည့်ကြသော ပရိသတ်များကလည်း ဩဘာပေးမဆုံးပါ။

ထို့နောက် အိုက်စ်ခိုင်လ်သည် တရားဝင် စိန်ခေါ်တော့သည်။ သောင်းနှင့်ချီသော ပရိသတ်များ၏ အသက်မရှူရဲဘဲ အောင့်ထား၍ မော့ကြည့်ကြည့်သည့်အထဲ သူသည်မျက်စိပုံးပြီး သံမဏိကြိုး ခရီးတာတစ်လျှောက်ကို တည်ငြိမ်စွာ နောက်ပြန်လျှောက်သွားရာ (၁၅)မိနစ်အချိန်ကုန်ခဲ့သည်။ ထို့နောက် ရေသန့်ဗူးကို ခေါင်းပေါ်တင်၍ သံမဏိကြိုးပေါ် လျင်မြန်စွာ လျှောက်ခြင်း စသည်တို့ကို ဆက်တိုက် တင်ဆက်ခဲ့ပြီး ပရိသတ်များက လက်ခုပ်သံပေးကြသည်။ ယင်းစိန်ခေါ်မှု တစ်ရပ်လုံးမှာ အောင်အောင်မြင်မြင်ရှိခဲ့သည်။ ယခုတိုင် ကူမင်းမြို့၏ ပထမဆုံး ဝေဟင်မြင့်တွင် သံမဏိကြိုးပေါ် လျှောက်သွားခြင်းနှင့် ပတ်သက်သော ကမ္ဘာ့စံချိန်သစ်သည် အောင်မြင်စွာ ဖြစ်ပေါ်လာတော့သည်။

**သက်ဆိုင်ရာအချက်အလက်**--

● အိုက်စ်ခိုင်လ်သည် ရှင်ကျောင်း ဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ "တာဝါကျီ"ခေါ် ရှေးခေတ်ရိုးရာ ကျွမ်းဘားပညာ၏ ဆဋ္ဌမဆက်မြောက် ဆက်ခံသူဖြစ်သည်။ အလုပ်သက်တမ်း နှစ်ပေါင်း (၃၀)ကျော်အတွင်း သူသည် မရေမတွက်နိုင်သော ဝေဟင်မြင့် အံ့ဖွယ်သူရဲများကို ဖန်တီးခဲ့သည်။ ဥပမာ- ဝေဟင်မြင့်တွင် အမြန်ပြေးခြင်း၊ မျက်စိပုံး၍ နောက်ပြန်လျှောက်ခြင်း၊ မိုးပျံပူဖောင်း သံမဏိကြိုးလျှောက်ခြင်း စသည့် တင်ဆက်မှု ပုံစံသစ်များကို ပထမဦးစွာတီထွင်ခဲ့ပြီး ယခုတိုင် ဂင်းနစ်ကမ္ဘာ့စံချိန်(၆)ရပ်ကို ထိန်းသိမ်းထားသူဖြစ်သည်။ ပြည်တွင်း၌ သံမဏိကြိုးလျှောက် လောကမှ ဂင်းနစ်ကမ္ဘာ့စံချိန်များကို အများဆုံးပိုင်ဆိုင်သူလည်း ဖြစ်သည်။

● သူယခုအကြိမ် စိန်ခေါ်ရန် ရည်မှန်းချက်မှာ တရုတ်နိုင်ငံ၏ အမြင့်ဆုံးသော ညီအစ်ကိုတိုက်နှစ်လုံး ---မီတာ(၃၀၀)၅Aကျော်သော ရုံးခန်းများရှိရာတိုက်ကြီးဖြစ်သည့်ဝမ်တာဖန်ယာ့ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးတိုက်တွင် မျက်စိပုံး၍ သံမဏိကြိုးပေါ် နောက်ပြန်လျှောက်ခြင်းကို တင်ဆက်ပြသခြင်းဖြစ်သည်။ သံမဏိကြိုး၏ အရှည်(၁၀၀)မီတာခန့်၊ မြေပြင်အထက် (၁၅၀)မီတာခန့်ရှိသည်။

● ယခုအကြိမ် စိန်ခေါ်မှုသည် အလွန်ပင်ခက်ခဲလှသည်---ကုန်းပြင်မြင့်ဒေသ၊ နေရောင်ခြည် တည့်တည့်ထိုး၊ လေပြင်းတိုက်ခတ်သော ပတ်ဝန်းကျင်တွင် သူသည် တောင်တိုက်နှင့် မြောက်တိုက်အကြား အပြန်အလှန် ဖြတ်ကူးရသည်။ ရှေးဦးစွာ တောင်တိုက်မှ မျက်စိပုံး၍ နောက်ပြန်လျှောက်ပြီးမှ မြောက်တိုက်ကနေ ပြန်လာရသည်။ အသွားအပြန်မှာ မီတာ(၂၀၀)ကျော်ရှိသည်။

● အိုက်စ်ခိုင်လ်၏ လက်ထဲတွင်ကိုင်ထားသည့် ဟန်ချက်ညီတိုင်သည် အရှည်(၇.၄)မီတာ၊ အလေးချိန် (၁၄)ကီလိုဂရမ်ရှိသည်။

ကောင်းဝေ

# "ပညာချွန်"ကြောင်သည် ပထဝီဘာသာကိုကြိုက်နှစ်သက်



သူ့အမည် "အောင်လီအောင်" ဟုခေါ်ပါသည်။ အမွေးအဖြူအမဲ ကွက်ကြားနေသော "ပညာချွန်ကြောင်" တစ်ကောင်ဖြစ်သည်။ ယင်းကြောင်ကလေးသည် ကူမင်းမြို့ အမှတ်(၁) အထက်တန်းကျောင်း၏ စာသင်ဆောင်တွင် အမြဲကျက်စားလေ့ရှိသည်။ သူသည် သွားချင်လျှင်သွား၊ လာချင်လျှင်လာ၊ မည်သည့်ကျောင်းဆရာ၏ ပို့ချချက်မဆို နားထောင်ချင်လျှင် နားထောင်လေ့ရှိသည်။ ထို့ပြင် သူသည် သူ့ပင်ကိုယ်ချစ်စရာကောင်းသော၊ လူကို နွဲ့တတ်ချွဲတတ်သော အစွမ်းအစဖြင့် ကူမင်း အမှတ်(၁) အထက်တန်းကျောင်းမှ တစ်ကျောင်းလုံးရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အယုယခံရပါသည်။

"ကျောင်းစဝင်ချိန်ကတည်းက တစ်ခါမှာ ပထဝီဘာသာရပ် သင်ကြားရာမှာ သူဟာ စာသင်ခန်းထဲသို့ ကိုယ့်ဟာကိုယ် ဝင်လာတော့တယ်။ စာသင်စားပွဲတစ်လုံးကိုရှာပြီး အပေါ်သို့ အလိုလို ခုန်တက်သွားတယ်" ဟု ကျောင်းသူလေးဖြစ်သူ မြောင့်ချီက "ပညာချွန်ကြောင်"ကို ပထမဆုံးအကြိမ် တွေ့မြင်ခဲ့သည့် အဖြစ်အပျက်ကို ပြန်လည်သတိရမိပြီး ထိုသို့ ပြောပြသည်။

"သူဟာ စာသင်ခန်းကို ဝိုင်းပြီး တစ်ပတ်ပတ်လိုက်တယ်။ ထိုင်ခုံနဲ့ စားပွဲပေါ်မှာ ဟိုခုန်ဒီခုန် လူတိုင်းနဲ့ နှုတ်ဆက်လိုက်တာနဲ့ တူတယ်"။ နွားနို့တင်ထားသော စားပွဲတစ်လုံးပေါ်သို့ ရုတ်တရက် ခုန်တက်ပြီး အများက စူးစူးရဲရဲကြည့်နေသည့်အခါ သူ နွားနို့ကို စုပ်တံဖြင့် သောက်လိုက်ပါသည်။

သူစာသင်ခန်းထဲ ဝင်ရောက်လာသည့် အကြိမ်ရေများသထက်များလာသည်နှင့်အမျှ ကျောင်းသား ကျောင်းသူများကလည်း တစတစ နေသားကျလာတော့သည်။ ကျောင်းသား တစ်စုံတစ်ယောက် ကျောင်းနောက်ကျပြီး စာသင်ခန်းထဲဝင်ကာ အများနှင့်အတူ စာသင်နေသလိုပင်ဖြစ်သည်။ မြောင့်ချီနှင့် အခြားကျောင်းသား ကျောင်းသူများသည် ယင်းကြောင်ကလေးမှာ ပထဝီဘာသာကို အနှစ်သက်ဆုံးဖြစ်သည် ဟုယူဆကြသည်။ "တိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ပထဝီဆရာကို အလွန်ကြိုက်နှစ်သက်လို့ပဲဖြစ်မယ်။ ပထဝီစာသင်ချိန်မှာ ဒီကြောင်ကို တွေ့မြင်လေ့ရှိတယ်"။

ကျောင်းဆင်းသည့်အခါ "ပညာချွန်ကြောင်"သည် တခါတရံ စာသင်ခန်းထဲတွင် လဲနေတတ်သည်။ တခါတရံလည်း အပြင်ထွက်၍ လမ်းလျှောက်တတ်သည်။ တရုတ်ဘာသာ၊ သင်္ချာ၊ အင်္ဂလိပ်ဘာသာ၊ ရူပဗေဒ၊ အားကစား၊ ပထဝီဘာသာ၊ ဓာတုဗေဒ၊ နိုင်ငံရေးဘာသာ. . . "ပညာချွန်ကြောင်" သင်ဖူးသော ဘာသာရပ်မှာ မနည်းလှပါ။ ညပိုင်း ကိုယ်ပိုင်စာကျက်ချိန်တွင်လည်း သူ့ကို အမြဲတွေ့ရသည်။ စာသင်ခန်းထဲ ဝင်လာပြီးနောက် ထိုင်ခုံတစ်လုံး ရှာ၍ လဲနေတတ်သည်။ မြောင့်ချီသည် ပထမ၊ ဒုတိယပညာသင်နှစ်အတွင်း စာမေးပွဲများဖြေသည့်အခါ "ပညာချွန်ကြောင်"သည် စာစစ်ဆရာကဲ့သို့ စာသင်ခန်း အသီးသီးတွင် လှည့်လည် စစ်ဆေးတတ်သည်ဟု သတင်းထောက်အား ပြောကြားသည်။

"အောင်လီအောင်"သည် "ပညာချွန်ကြောင်" ဖြစ်သောကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အောင်လီအောင် တစ်အိမ်သားလုံးအတွက် ချစ်ခင်ကြင်နာကြသည်။ ကျောင်းတွင် အတန်းအများစုသည် စာသင်ခန်း၌ ကြောင်အိမ်လေးတွေ ထားတတ်ပြီး ကျောင်းနေဖက်များကလည်း ကြောင်စာများကို ပါလာတတ်သည်။ ကြောင်ကလေးတွေကို တွေ့တိုင်း အနည်းအကျဉ်း ကျွေးတတ်သည်။ လောလောဆယ်တွင် "အောင်လီအောင်"သည် ကိုယ်ဝန်ဆောင်ပြန်ပြီဖြစ်သဖြင့် ကူမင်း အမှတ်(၁) အထက်တန်းကျောင်း အင်တာနေရှင်နယ်ဌာနမှ ကျောင်းဆရာတစ်ဦးသည် မေမေကြောင်နှင့်သူ့ကလေးများအား ကောင်းမွန်စွာနေထိုင်နိုင်စေရန် စာသင်ဆောင်၏ အပေါ်ဆုံးအထပ်ရှိ စင်္ကြံတွင် ကြောင်အိမ်တစ်လုံးကို တည်ဆောက်ပေးလိုက်သည်။

စွန်ချင်ရှာ